ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၁၊ အမှတ် ၁၁ — ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်

## ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်တို့ ဦးဆောင်သောအဖွဲ့သည် ဆိပ်ကမ်းများသို့ကုန်ပစ္စည်းစစ်ဆေး ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခြင်း။



မုတ္တမ(ရွှေပြည်သာ)၊ ရွှေမဲဆိပ်ကမ်း၊ Asia World Port Terminal (AWPT) ၊ Alone International Port Terminal(AIPT)၊ Yangon International Gateway Terminal(YIGT)၊ Myanmar Industrial Port (MIP) စသည့် ဆိပ်ကမ်းများ မှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

၂၁-၂-၂၀၂၆ ရက်နေ့ ၀၉:၀၀ နာရီအချိန်ခန့်တွင် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်တို့ ဦးဆောင်သောအဖွဲ့သည် မုတ္တမ(ရွှေပြည်သာ)၊ ရွှေမဲဆိပ်ကမ်း၊ Asia World Port Terminal (AWPT) ၊ Alone International Port Terminal(AIPT)၊ Yangon International Gateway Terminal(YIGT)၊ Myanmar Industrial Port (MIP) စသည့် ဆိပ်ကမ်းများသို့ ရောက်ရှိခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကုန်ပစ္စည်းစစ်ဆေး ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအားမှာကြား၍ ယာဉ်တန်းဖြင့် ပြန်လည်ထွက်ခွာခဲ့ပါသည်။



ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌဦးမင်းမင်း နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်တို့ ဦးဆောင်သောအဖွဲ့သည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဆိပ်ကမ်းများအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်း နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်တို့ ဦးဆောင်သောအဖွဲ့သည် ၁၄:၃၀နာရီ အချိန်တွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး၌ ရန်ကုန်-ကော့သောင်း-ရနောင်းနှင့် ရနောင်း-ကော့သောင်း-ရန်ကုန်၊ ရန်ကုန်-ရနောင်းနှင့် ရနောင်း-ရန်ကုန် ရေလမ်းကြောင်းမှတစ်ဆင့် ကုန်တင်သင်္ဘောအစီးလိုက် သွင်းကုန်လိုင်စင်ခွင့်ပြုမှုအရ ရန်ကုန်ဆိပ်ကမ်းများသို့ ဆိုက်ကပ်ရောက်ရှိခြင်း၊ အကောက်ခွန်ရှင်းလင်းခြင်းနှင့် ကုန်ပစ္စည်းများ စစ်ဆေးဆောင်ရွက်ရာတွင် လွယ်လင့်တကူ ချောမွေ့စေရေး လုပ်ငန်းများဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ တက်ရောက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့ပြီး ၁၆:၃၀ နာရီအချိန်တွင် ပြန်လည်ထွက်ခွာခဲ့ပါသည်။



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

၂၀-၂-၂၀၂၆ ရက်နေ့ ၁၈:၀၀ နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ အစည်းအဝေးခန်းမ(၁)၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး(နိုင်ငံတကာ)နှင့် ပြည်ပအစည်းအဝေးအလုပ်ရုံ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြပြီး ပြန်လည်ရောက်ရှိလာကြသည့် အရာထမ်း(၅)ဦးတို့အား တွေ့ဆုံခဲ့ပြီး အစည်းအဝေးဆွေးနွေးပွဲများ တက်ရောက်မှုနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအားဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများအား တွေ့ဆုံခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်မှ လုပ်ငန်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကိုမှာကြားခဲ့ပြီး အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)မှ ၂၀:၃၀ နာရီအချိန်တွင် ပြန်လည်ထွက်ခွာခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ (၃၉)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ။




အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ (၃၉) ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အမှာစကားပြောကြားစဉ်။

၂၂-၂-၂၀၂၆ ရက်နေ့၊ နံနက် ၀၈:၀၀ နာရီအချိန်တွင် အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ (၃၉)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးအား ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံဆွေးနွေးပွဲ (ဒါဘာ) အခမ်းအနားကျင်းပ။




အကောက်ခွန်ဦးစီးဌာန၊ ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံဆွေးနွေးပွဲ (ဒါဘာ) အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အမှာစကားပြောကြားစဉ်။

၂၄-၂-၂၀၂၆ ရက် အင်္ဂါနေ့ ၊ နံနက် ၀၉:၀၀ နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအထိလစဉ် ဌာနအကြီးအကဲနှင့်ဝန်ထမ်းထုတွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားအား လူဦးရေ (၂၀၀)ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး/ ပြည်နယ် ရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွားရေးဇုန်များ၊ OSS စစ်ဆေးရေးစခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများရှိ ဝန်ထမ်းများသည်လည်း Zoom Meeting ဖြင့် တက်ရောက်ခဲ့ပြီး ညွှန်ကြားရေးမှူး ဦးမျိုးသီဟမှ မူးယစ်ဆေးဝါးများ အန္တရာယ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဥပဒေရေးရာဌာနခွဲမှ ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း၊ ခွင့်စည်းကမ်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အကြောင်းအရာ အသိပညာပေးဆွေးနွေး တင်ပြခြင်းအားလည်းကောင်း ဌာနခွဲတစ်ခုချင်းစီအလိုက် ဆွေးနွေးတင်ပြချက်များ တင်ပြခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ပြင်ပမှခေါ်ယူခန့်ထားမည့် ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးခြင်း။



အကောက်ခွန်ဦးစီးဌာန၏ ပြင်ပမှခေါ်ယူခန့်ထားမည့် ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးခြင်းကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း(စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) မှ ဦးဆောင်၍ကျင်းပစဉ်။

အကောက်ခွန်ဦးစီးဌာန၏ ပြင်ပမှခေါ်ယူခန့်ထားမည့် ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးခြင်းကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) မှ ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာန၊အစည်းအဝေးခန်းမ(၃)၌ ကျင်းပခဲ့ရာ ၂-၂-၂၀၂၆ရက်နေ့ နံနက် ၀၉:၀၀ နာရီ အချိန်တွင် အငယ်တန်းစာရေးရာထူးအတွက်(၂၁)ဦးနှင့် ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးအတွက် (၁၄) ဦးတို့အားလည်းကောင်း၊ ၃-၂-၂၀၂၆ ရက်နေ့ နံနက် ၀၉:၀၀ နာရီအချိန်တွင် အကောက်ခွန် ထိန်းရာထူးအတွက်(၅၈) ဦးအားလည်းကောင်း၊၁၀-၂-၂၀၂၆ ရက်နေ့ နံနက် ၀၉:၀၀ နာရီအချိန်တွင် အကောက်ခွန်မှူးရာထူးအတွက်(၁၃) ဦးနှင့် အလုပ်သင် ဒုတိယအကောက်ခွန်မှူးရာထူးအတွက် (၃၀)ဦး တို့အားလည်းကောင်း၊ ၁၁-၂-၂၀၂၆ ရက်နေ့ နံနက် ၀၉:၀၀ နာရီအချိန်တွင် အလုပ်သင် ဒုတိယအကောက်ခွန်မှူး ရာထူးအတွက်(၄၂) ဦးအားလည်းကောင်း လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပါသည်။

# မြန်မာနိုင်ငံအနေဖြင့် ပဋ္ဌမအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှုရလဒ်များနှင့်အစီရင်ခံစာ (မူကြမ်း) အပေါ် အတည်ပြုဆွေးနွေးသည့် အစည်းအဝေးကျင်းပ။



မြန်မာနိုင်ငံအနေဖြင့် ပဋ္ဌမအကြိမ် ကြာမြင့်ချိန်လျှော့ချရေးလေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှုရလဒ်များနှင့် အစီရင်ခံစာ (မူကြမ်း) အပေါ်ညှိနှိုင်းအတည်ပြုဆွေးနွေးသည့်အစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်ဆန်းထွန်းမှ အမှာစကားပြောကြားစဉ်။

မြန်မာနိုင်ငံအနေဖြင့် ပဋ္ဌမအကြိမ် ကြာမြင့်ချိန်လျှော့ချရေးလေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှုရလဒ်များနှင့် အစီရင်ခံစာ(မူကြမ်း) အပေါ် ညှိနှိုင်းအတည်ပြု ဆွေးနွေးသည့် အစည်းအဝေးအား ၂၀-၂-၂၀၂၆ ရက်နေ့(သောကြာနေ့)၊ နံနက် ၁၀:၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟ ခန်းမ၌ အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းမှဦးဆောင်၍Virtual ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ပဋ္ဌမအကြိမ် ကြာမြင့်ချိန်လျှော့ချရေးလေ့လာဆန်းစစ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ၊ ကုန်သွယ်မှုအသိုက်အဝန်းရှိ ဌာနဆိုင်ရာများ(၁၃) ခုနှင့် ပုဂ္ဂလိက ကဏ္ဍ (၈) ခုမှ ကိုယ်စားလှယ်များပါဝင်တက်ရောက်ခဲ့ပါသည်။အစည်းအဝေးကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ ပဋ္ဌမအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူခြင်းရလဒ်များနှင့် အစီရင်ခံစာ (မူကြမ်း) တို့အားအတည်ပြု ညှိနှိုင်းဆွေးနွေးနိုင်ရန် ဖြစ်ပါသည်။



မြန်မာနိုင်ငံအနေဖြင့် ပဋ္ဌမအကြိမ် ကြာမြင့်ချိန်လျှော့ချရေးလေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှုရလဒ်များနှင့်စစ်တမ်း ကောက်ယူမှုရလဒ်များအား လက်ထောက်ညွှန်ကြားရေးမှူး ဆုဝေနှင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇူလိုင်မို့မို့အောင်တို့မှ တင်ပြဆွေးနွေးစဉ်။

အစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ညွှန်ကြားရေးမှူး၊ ဦးမိုးကျော်အေးမှ Time Release Study လုပ်ငန်းစဉ်များအား ဆွေးနွေးပြောကြားခဲ့ပါသည်။ဆက်လက်၍လက်ထောက်ညွှန်ကြားရေးမှူး ဆုဝေနှင်း က ရန်ကုန်လေဆိပ်ကုန်လှောင်ရုံတွင် စစ်တမ်းကောက်ယူမှုရလဒ်များအားလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇူလိုင်မို့မို့အောင်က အေးရှားဝေါလ်ဆိပ်ကမ်းတွင် စစ်တမ်းကောက်ယူမှုရလဒ်များအားလည်းကောင်း ရှင်းလင်းတင်ပြခဲ့မှုအပေါ် တက်ရောက်လာကြသော ကိုယ်စားလှယ်များမှ ပြန်လည်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် ကြာမြင့်ချိန်လျှော့ချရေးလေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှု အစီရင်ခံစာ (မူကြမ်း) အပေါ် အတည်ပြုခဲ့ ကြပါသည်။

## ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ Customs Academy (Regional Training Center, RTC Thailand) တွင် ကျင်းပပြုလုပ်ခဲ့သည့် Workshop on Frontline Border Operations ၊ နယ်စပ်ဒေသလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့မှု




Customs Academy (Regional Training Center, RTC Thailand) တွင် ကျင်းပပြုလုပ်ခဲ့သည့် Workshop on Frontline Border Operations ၊ နယ်စပ်ဒေသလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့မှုဓါတ်ပုံမှတ်တမ်း။

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ Customs Academy (Regional Training Center, RTC Thailand) တွင် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် နယ်စပ်ဒေသ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on Frontline Border Operations)သို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ၊ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေနှင့် ဦးစီးအရာရှိဦးအောင်မျိုးမြင့် တို့တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ နယ်စပ်ဒေသ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ မှ ကိုယ်စားလှယ် (၂)ဦး အပါအဝင် မလေးရှားနိုင်ငံမှ (၂)ဦး၊ လာအိုနိုင်ငံမှ (၂)ဦး၊ ဗီယက်နမ်နိုင်ငံမှ (၂)ဦးနှင့် ထိုင်းအကောက်ခွန်မှ (၉)ဦး၊ စုစုပေါင်း (၁၇) ဦး တို့တက်ရောက်ခဲ့ပြီး Australian Border Force (ABF) မှ ကိုယ်စားလှယ် (၄) ဦး တို့က တက်ရောက်ဆွေးနွေး ပြောကြားခဲ့ပါသည်။

## အာဆီယံ၏ လမ်းညွှန်ချက်အရ အကောက်ခွန်ဦးစီးဌာနနှင့် အခွန်အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်နိုင်မည့် နယ်ပယ်များအနက် AEO Program အကြောင်းနှင့် နှောင်းစာရင်းစစ်ဆေးချက်အရ ပေါ်ပေါက်လာသောအခွန်များသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်စည်းကြပ်မှုအပေါ် သက်ရောက်မှုကိစ္စရပ်များ ဆွေးနွေးကျင်းပ။



အာဆီယံ၏ လမ်းညွှန်ချက်အရ အကောက်ခွန်ဦးစီးဌာနနှင့် အခွန်အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်နိုင်မည့် နယ်ပယ်များအနက် AEO Program အကြောင်းနှင့် နှောင်းစာရင်း စစ်ဆေးချက်အရပေါ်ပေါက်လာသော အခွန်များသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်စည်းကြပ်မှုအပေါ် သက်ရောက်မှုကိစ္စရပ်များ တွေ့ဆုံဆွေးနွေးပွဲတွင် နှောင်းစာရင်းစစ်ဆေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက ဆွေးနွေးစဉ်။

၈-၁-၂၀၂၂ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင်အကောက်ခွန်ဦးစီးဌာန၊သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် အာဆီယံ၏ လမ်းညွှန်ချက်အရအကောက်ခွန်ဦးစီးဌာနနှင့်အခွန်အာဏာပိုင်များအကြားပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်နိုင်မည့်နယ်ပယ်များအနက်AEO Program အကြောင်းနှင့် နှောင်းစာရင်း စစ်ဆေးချက်အရ ပေါ်ပေါက်လာသောအခွန်များသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်စည်းကြပ်မှုအပေါ် သက်ရောက်မှုအခြေအနေကိစ္စရပ်တို့အားဆွေးနွေးခဲ့သည့် ဆဌမအကြိမ် အစည်းအဝေး၌ ညွှန်ကြားရေးမှူး (PCA)မှ အကောက်ခွန်ဦးစီးဌာနတွင် နှောင်းစာရင်းစစ်ဆေးခြင်းအား ၂၀၁၇ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာ ရေးနှစ် (၈-၉-၂၀၂၂) ရက်နေ့အထိ လျော့နည်းခွန် (ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ကြိုတင် ဝင်ငွေခွန်) စုစုပေါင်းကျပ် - ၄.၄၅၄ ဘီလီယံကိုကောက်ခံ၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ လွှဲပြောင်း ပေးခဲ့ပါကြောင်း၊

၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် (၁၁-၁၀-၂၀၂၂)ရက်နေ့မှ (၅-၁-၂၀၂၆)ရက် နေ့အထိ လျော့နည်းခွန် (ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ကြိုတင်ဝင်ငွေခွန်) စုစုပေါင်းကျပ်-၈၀.၈၂၁ဘီလီယံကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ သတင်းစာရင်းပေးပို့ခဲ့ပါကြောင်း၊ လက်ရှိအနေအထားအနေဖြင့် (၅.၁.၂၀၂၆) ရက်နေ့အထိ ကုမ္ပဏီ စုစုပေါင်း(၂၁၃)ခု စစ်ဆေးခဲ့ပြီး ပြည်တွင်းအခွန်များဦးစီးဌာနသို့ သတင်းစာရင်းပေးပို့ထားပြီးဖြစ်ပါကြောင်း၊ လက်ရှိတွင် ပြည်တွင်းအခွန်များဦးစီးဌာနနှင့်တိုက်ဆိုင်စစ်ဆေးချက်အရ ကုမ္ပဏီ (၂၀၃)ခု စစ်ဆေးပြီးဖြစ်ပါကြောင်း၊ မှန်ကန်မှုရှိပါကြောင်း၊ ASEAN အစည်းအဝေးပွဲများတွင် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မည်သို့လက်တွဲဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်ကို ဆွေးနွေးရပါကြောင်း၊ ယခင်ကလည်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သံသယရှိသည့်ကုမ္ပဏီများအား အကောက်ခွန်ဦးစီးဌာနသို့ သတင်းပေးပို့သည့်အခါ စစ်ဆေးပေးခဲ့ပါကြောင်း၊ အဓိကမှာ သတင်းအချက်အလက်ဖလှယ်မှုဖြစ်ပြီး မိမိတို့ အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲမှ Real Time Data ကြည့်ရှုခွင့်အား ခွင့်ပြုပေးထားပါကြောင်း၊ Valuation ပိုင်းသည် အခွန်ကောက်ခံရေးတွင် အဓိကကျသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ထို့အပြင် အခွန်ကင်းလွတ်ခွင့် ကိစ္စရပ်များအနေဖြင့် FORM D, FORM E နှင့် ASEAN+6 ပေးသည့်အတွက် အကောက်ခွန် မရရှိသော်ငြား ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် အထူးကုန်စည်ခွန်ရရှိပါကြောင်း၊ မိမိတို့ PCA ဌာနခွဲတွင် အဖွဲ့တစ်ဖွဲ့ (၄)ဦးနှုန်းဖြင့် (၁၀)ဖွဲ့ လူဦးရေ (၄၀)ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအနေအထားအရ ထုတ်ကုန်ကုမ္ပဏီ(၉၀၀)ကျော်နှင့် သွင်းကုန်ကုမ္ပဏီ (၆၀၀၀) ကျော်ခန့်သာ အလုပ်လုပ်ကိုင်ပါကြောင်း၊ သွင်းကုန်ကုမ္ပဏီ (၆၀၀၀) ကျော်အား အဖွဲ့(၁၀)ဖွဲ့ဖြင့် စစ်ဆေးမည့်အခါ Target တစ်ခုထား၍ Risk များသည့် ကုမ္ပဏီ၊ Trade Volume များသည့် ကုမ္ပဏီတို့အား အဓိကထားစစ်ဆေးရပါကြောင်း၊ မိမိတို့ဌာန (၂)ခုလုံးသည် ဆောင်ရွက်နေသည့်လုပ်ငန်းများအနက်မှ မကောက်ခံနိုင်သည့်လစ်ဟာနေသည့် အတိုင်းအတာအား ပိုင်းဝန်းဆွေးနွေးလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက်အကောက်ခွန်ဦးစီးဌာနမှ AEO Program အကြောင်းဆွေးနွေးခဲ့ပြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ နှောင်းစာရင်းစစ်ဆေးချက်အရ ပေါ်ပေါက်လာသောအခွန်များသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်စည်းကြပ်မှုအပေါ် သက်ရောက်မှုကိစ္စရပ်များအား ဆွေးနွေးပြောကြားခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၆၀၂ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ (၁) ရက် မှ (၂၈) ရက် အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု ( ၁၄၈ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၆၀၂ ) သန်း ဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



၉-၁၂-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့၊ မုတ္တမ (လှိုင်သာယာ) ဆိပ်ကမ်း ၌ ကော့သောင်းမှ ရန်ကုန်သို့ ဝင်ရောက်ဆိုက်ကပ်သော MV. ZWE MYINT MYAT TUN – 11 ရေယာဉ်အား ညွှန်ကြားရေးမှူး ဦးသော်ရာဟိန်း ဦးစီးသောအဖွဲ့ဖြင့် ၁၂-၁-၂၀၂၆ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ရာကုန်ပါစာရင်းချုပ် (Manifest) နှင့် သွင်းကုန်ကြေညာလွှာ (၄၆) စောင်ဖြင့် ဖော်ပြကြေညာထားသည့် ကိုက်ညီမှန်ကန်သော ကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကုန်ပါစာရင်းချုပ် (Manifest) တွင် ဖော်ပြကြေညာထားခြင်းမရှိသော MOTORCYCLE TYRE 2.25-17 (DRC BRAND),(1X 5 U), 1365 U, C/O – Vietnam, အပါကုန်ပစ္စည်း (၉) မျိုး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၃၇၄,၄၇၇,၀၄၀/-ဖြင့် အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၆၀၂ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၂၃-၁၁-၂၀၂၅ ရက်နေ့ တွင် ရန်ကုန်မြို့၊ သာကေတဆိပ်ကမ်း၌ ကော့သောင်းမှ ရန်ကုန် သို့ ဝင်ရောက်ဆိုက်ကပ်သော MV. Citra ရေယာဉ်အား ညွှန်ကြားရေးမှူး ဦးသော်ရာဟိန်းဦးစီးသောအဖွဲ့ဖြင့် ၁၇-၁၂-၂၀၂၅ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ရာ ကုန်ပါစာရင်းချုပ် (Manifest) နှင့် သွင်းကုန်ကြေညာလွှာ (၃၃) စောင်ဖြင့် ဖော်ပြကြေညာထားသည့် ကိုက်ညီမှန်ကန်သည့် ကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကုန်ပါစာရင်းချုပ် (Manifest) တွင် ဖော်ပြကြေညာထားခြင်းမရှိသည့် Tarpaulin, Size: 4M X 5M, 1PKG=20KG, 4724 PKGS, 94480 KG, C/O – Not Found၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၂၃၈,၀၈၉,၆၀၀/- ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၆၀၂ ) သိန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၄-၂-၂၀၂၆ ရက်နေ့ ၂၃:၁၅ အချိန်ခန့်တွင် မော်လမြိုင်-ရန်ကုန်သွား ကားလမ်းဘေး၊ မူးယစ် X-Ray စစ်ဆေးရေးဂိတ်မရောက်မီ လက်ယာကျိုး- အောင်ဇေယျသွားမြေသားလမ်းမပေါ်တွင် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသည့်မော်တော်ယာဉ်များ ရပ်တန့်နေကြောင်း သတင်းအရ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတာဝန်ကျ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ မော်တော်ယာဉ် (၆) စီးအား စစ်ဆေးတွေ့ရှိသဖြင့် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ မောင်းနှင်ယူဆောင်လာခဲ့ပြီး ၅-၂-၂၀၂၆ ရက်နေ့တွင် အဆိုပါ ယာဉ်များအနက်မှ ယာဉ်အမှတ်၊ 6K/9415 (Mini Bus) ယာဉ် အား ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာ တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် Dietary Supplement, Brand - Ovasif(Nutrabiotics), C/O -- Pakistan,(1 x 10 Sachets), 1000 U, အပါ ဆေးဝါးပစ္စည်း(၁၀)မျိုး စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် ၁၁၃,၉၀၂,၀၀၀/-ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၆၀၂ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု








၃၁-၁-၂၀၂၆ ရက်နေ့ ၀၉:၃၀ နာရီ အချိန်ခန့်တွင် ဗလင်းမင်းထင်တံတားထိပ် (ဝိုင်းမော်ဘက်ခြမ်း)၌ ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များအား ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားခရိုင်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့သည် ဗလမင်းထင်တံတားတာဝန်ကျအဖွဲ့များနှင့်ပူးပေါင်း၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်ဘက်မှ မြစ်ကြီးနားဘက်သို့ ယာဉ်အမှတ် KCN-16/3J-1564 တပ်ဆင်ထားပြီး တရားဝင် တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် MULTI CURRENCY VALUE COUNTER (AC/DC)(50U) x 1100000, Brand-MTM, Model – MTM 50 S, C/O – Not Found, အပါကုန်ပစ္စည်း (၃) မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်၁၆၆,၅၂၀,၀၀၀/- ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီလ အတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၆၀၂ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု



၁၂-၂-၂၀၂၆ ရက်နေ့ ဝ၈း၁ဝ နာရီ အချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် SANDIMAR (PP No-MH263056) သည် Thai Air Asia Airline၊ လေယာဉ်ခရီးစဉ်အမှတ် FD-253/SF-1685 ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာပြီး ၎င်း ခရီးသည်၏ Baggage များသည် Off Load ကျန်ရှိခဲ့ပါသည်။ ကျန်ရှိခဲ့သည့် Left Behind Baggage များအား ၁၅-၂-၂၀၂၆ ရက်နေ့ တွင်လာရောက်ထုတ်ယူစဉ် X-Ray ပုံရိပ်မသင်္ကာကြောင်း အမှတ်အသား ပြုလုပ်ထားသော အိတ်များ ဖြစ်သဖြင့် Arrival Exit-A အကောက်ခွန်စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက် ရေးရာလုံခြုံရေးတပ်ဖွဲ့ (လေ)၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် YACL တို့ ပူးပေါင်းပါဝင်သော အဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော iPhone 17 ProMax 256GB, Model:A3526, C/O-China, S/N:CDLXH57YF3, S/N:DXP7TQX76P, S/N:CFHT642J56, Color: Cosmic Orange, 3 U, အပါ ကုန်ပစ္စည်း (၂) မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၄၅,၅၀၀,၀၀၀/- ဖြင့် အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီလ အတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၈၅၀၇.၆၀၂ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု




၂၉-၁၂-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့၊ AIPT ဆိပ်ကမ်း၌ ရနောင်း-ကော့သောင်း မှ ရန်ကုန်သို့ ဝင်ရောက်ဆိုက်ကပ်သော ထိုင်းနိုင်ငံ အလံလွှင့်တင်ထားသည့် MV. WISDOM ရေယာဉ် အား ၁၅-၁-၂၀၂၆ ရက်နေ့တွင် တာဝန်ကျဝန်ထမ်းများမှ စတင်စစ်ဆေးခဲ့ရာ ကုန်ပါစာရင်းချုပ် (Manifest) နှင့် သွင်းကုန်ကြေညာလွှာ(၆၂) စောင်ဖြင့် ဖော်ပြကြေညာထားသည့် ကိုက်ညီမှန်ကန်သော လူသုံးကုန် ပစ္စည်းများ၊ Electrical Goods နှင့် Electronic Goods များ၊ Packing Materials၊ Construction Materials ၊ Machine & Spare Parts ၊ စားသောက်ကုန်ကြမ်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ အပိုပစ္စည်း များ (ယာဉ်/စက်/ဆက်သွယ်ရေး)၊ လယ်ယာသုံးစက်နှင့် စက်ပစ္စည်းများအား စစ်ဆေးတွေ့ရှိ ထုတ်ပေးခဲ့ ပြီး ကုန်ပါစာရင်းချုပ် (Manifest) တွင် ဖော်ပြကြေညာထားခြင်းမရှိသည့် JACK DANIEL'S, TENNESSEE WHISKEY, 1CTN = (700 ML X 12 BOT), 1537.2 Liters, 183 CTN, C/O – USA, အပါ ကုန်ပစ္စည်း(၂) မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၁၅၃,၆၉၆,၀၀၀/-ဖြင့် အမှုတွဲဖွင့်လုပ်၍ တားဆီးခဲ့ပါသည်။